လျှို့ဝှက်ဆန်းကြယ် စာပေမှာ ယနေ့ နံပါတ်(၁) စာရေးဆရာ



# မင်းမြတ်သူရ

ဆားပုလင်းမင်းအောင် နှင့် ပလ္လင်ပေါ်ကမျှောက်

## နိဒါန်း

တစ်နေ့သ၌ ကျွန်ုပ်ဟာလစဉ်ရေးသားရတဲ့ ကရင်မိနယ်ရီပို့လို့ခေါ်တဲ့ရာဇဝတ်မှုနဲ့ ပတ်သက်တဲ့ လစဉ်အစီရင်ခံစာကို ရေးသားနေတုန်းမှာကျွန်ုပ်ရဲ့ရုံးခန်းထဲကို ပြာတာ မောင်ရွှေရောက်လာပြီး

"ဆရာရေ မင်းကြီးခေါ်နေပြီဗျို့လူသတ်မှုဖြစ်ပြန်ပြီ"

လို့ဆိုတဲ့ခါ ကျွန်ုပ်လဲ ခေါင်းကြိမ်းသွားပြီး မင်းကြီးရုံးခန်းကို ဝင်ရပြန်တယ်။

မင်းကြီးရဲ့ ရုံးခန်းထဲမှာ စီအိုင်ဒီရဲ့ စုံထောက်ကျော်တွေ ဖြစ်တဲ့စုံထောက်ကိုစိန်မြင့်၊ စုံထောက် ကိုတင်လှ၊ ဘိလပ်ပြန်ဆရာပွစတဲ့ စုံထောက်ကြီးများရောက်နေကြတယ်။ မင်းကြီးက ကျွန်ုပ်ကို မြင် မြင်ချင်း စားပွဲခုံကို လက်နဲ့ထုပြီး

"မြည်းသတ္တဝါလိုအပျင်းထုတဲ့လူကလေး၊ ဘယ်မှာသွားပြီး အိပ်ပျော်နေသလဲ၊ စဥ့်အိုးတန်း ဆိပ်ကမ်းမှာ ဆိုက်ထားတဲ့ တိုင်းကျော်ဆိုတဲ့ လှေကြီးမှာ အလွန်ထူးဆန်းတဲ့ အမှုတစ်မှုဖြစ်နေတယ် လို့ဘုန်းကြီးလမ်းဂတ်က ရာဇဝတ်အုပ်က အစီရင်ခံတယ်၊ ဒါကြောင့်လူကလေးတို့အားလုံး တိုင်း ကျော်ဆိုတဲ့လှေကို သွားပြီးအမှုမှန်ကို အမြန်ဆုံးပေါ်အောင် ကြိုးစားကြပါ၊ ဆားပုလင်းမင်းအောင်ကို လဲ မရရအောင် ရှာဖွေပြီးခေါ်ဆောင်သွားကြပါ"

လို့ပြောဆိုကြိမ်းမောင်းပြီး ကျွန်ုပ်တို့လူစုကို ရုံးခန်းထဲက မောင်းထုတ်လိုက်တယ်။

စုံထောက်ကိုစိန်မြင့်တို့လူစုဟာ စီအိုင်ဒီမှကားစုတ်ကြီးကို အလွယ်တကူ

စက်နိုးမရလို့ ဝေါက်နဲ့ လှည့်နိုးရတယ်။ ဒါပေမဲ့ ကားစုတ်ကြီးကစက်နိုးမလာဘဲဖွတ်ချက်ဖွတ်ချက်မြည်ပြီးနိုးလိုက် ရပ်လိုက် ဖြစ်နေတယ်။

ကျွန်ုပ်နဲ့ ဦးပေါ်ဦးဟာ ဖိုဒ့်ကားစုတ်ကလေးကို ကျောက်မြောင်းဘက်ကို လှည့်ပြီး ကျွန်ုပ်တို့ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကို ခေါ်ဖို့ကြံစည်ခဲ့တယ်။

အမှတ် (၇) အသောကလမ်းကျောက်မြောင်းကိုရောက်တဲ့အခါ ဆားပုလင်းမင်းအောင်က အသင့်စောင့်နေပြီး

“အမှုအကြောင်း မပြောနဲ့ဗျို့ မင်းကြီး ဖုန်းဆက်ပြောလို့ အားလုံးသိပြီးပြီ၊ စဥ့်အိုးတန်း ဆိပ် ကမ်းကို မောင်းပေတော့”

လို့ပြောတယ်။ စဥ့်အိုးတန်းဆိပ်ကမ်းကို ရောက်တဲ့အခါ ဘုန်းကြီးလမ်းဂါတ်ကဌာနအုပ်လူဂ ကြီးက

“ဆရာ့ကိုမြင်မှအားတက်သွားတယ်၊ ကျုပ်တို့ဉာဏ်မမီတော့ဘူး၊ အမှုက ရှုပ်ပွေနေတာပဲ”

လို့ပြောတယ်။

ကျွန်ုပ်တို့လူစု လှေကြီးထဲကို ရောက်တော့ ဦးရွှေရဆိုတဲ့ လှေသူကြီးက လှေဦးပိုင်းမှာ စောင့် ကြိုနေပြီး အမှုအကြောင်းပြောပြတယ်။

“ဖြစ်ပုံကတော့ ပြောမဆုံးပေါင်တောသုံးထောင်ဆိုတဲ့စကားလို ဖြစ်နေပါပြီဗျာ။ ကျုပ်တို့ လှေဟာ လွန်ခဲ့တဲ့ တစ်လလောက်က မြိတ်ကျွန်းစုဘက်မှာ မုန်တိုင်းမိပြီး ပင်လယ်ထဲမှာ ၃ ရက် လောက်မျောပါနေခဲ့တယ်။ နောက်တော့ လှေကြီးဟာ လူသူအရောက်အပေါက်မရှိတဲ့ ကျွန်းတစ်ကျွန်း မှာ ဝင်နားတယ်။ ကျွန်းကသိပ်မကျယ်ပါဘူးဆရာ၊ ကျွန်းပေါ်မှာ ငှက်ပျောသီးလို အသီးအနံ့တွေရှိပြီး၊ မျောက်ခေါင်းပုံသဏ္ဌာန် တောင်ကြီးတစ်တောင်လည်းရှိတယ်။ ကျုပ်တို့ဟာ

မျောက်ခေါင်းပုံတောင် ကြီးကို သွားတဲ့အခါလှိုဏ်ဂူကြီးတစ်လုံးကို တွေ့ရတယ်။ လိုဏ်ဂူကြီးထဲကိုရောက်တော့ ဂူကြီးရဲ့ အလယ်မှာ သေတ္တာကြီးတစ်လုံးကို အံ့သြဖွယ်တွေ့ရတယ်။ ကျုပ်တို့လူစု သေတ္တာကို အနီးကပ်သွား ကြည့်လိုက်တော့ သေတ္တာမှာ "ပေါ်တူကီမင်း ဖိလစ်ဒီဘရစ်တို့ဒီနိကိုတီ၏ ရတနာသေတ္တာ" ဆိုတဲ့ စာသားကိုတွေ့ရတော့ ကျုပ်တို့လူစု အပျော်ကြီးပျောက်သွားတယ်။ ကျုပ်တို့လူစု သဘော်ပျက်ပေမဲ့ ရတနာသေတ္တာကြီးနဲ့ ကြုံခဲ့တယ်မဟုတ်လား၊ ဒါပေမဲ့ သေတ္တာကြီးရဲ့တစ်ဖက်က စာတမ်းကို ဖတ် ကြည့်ပြီး ကျုပ်တို့ထိတ်လန့်သွားကြတယ်။ သေတ္တာကြီးရဲ့ တစ်ဖက်မှာရေးထားတာက" ထိုသေတ္တာ ကိုဖွင့်သောသူဟာ အန္တရာယ်နဲ့ ကြုံတွေ့ရမည်' တဲ့။ ကျုပ်တို့လူစုဟာ သေတ္တာကြီးကိုကြည့်ပြီး ဖွင့် သင့်မဖွင့်သင့် အငြင်းပွားကြတယ်။ နောက်ဆုံးတော့ ကျုပ်ကလှေသူကြီးပီပီ အဆုံးအဖြတ်ပေးလိုက် တယ်။ ကျုပ်တို့အားလုံး သေတ္တာထဲက ပစ္စည်းတွေကိုအညီအမျှ ခွဲဝေကြမယ်၊ ဒါပေမဲ့ ဒီသေတ္တာကြီး ကိုတော့ လူသူမရှိတဲ့ကျွန်းပေါ်မှာ မဖွင့်ဘူး၊ ကုန်းပေါ်ရောက်မှ ဖွင့်မယ်လို့အဆုံးအဖြတ်ပေး လိုက်တယ်။ ကျုပ်ရဲ့ အဆုံးအဖြတ်ကိုလှေထိုးသားအများစုက သဘောတူကြပေမဲ့ လောဘသား ချစ်ကိုနဲ့ဖိုးတာတို့ကတော့ ကျေနပ်ဟန်မတူဘူး၊ ဒီလိုနဲ့ သေတ္တာကြီးကို လူအင်အားသုံးပြီးလှေကြီးပေါ် ကိုတင်ခဲ့တယ်၊ ကျွန်းပေါ်မှာရသမျှရိက္ခာနဲ့ ရေချိုတွေ စုဆောင်းပြီးခရီးထွက်ဖို့ပြင်တယ်၊ ဒါပေမဲ့ ကျွန်း ကပြန်ထွက်မဲ့ညမှာပဲငယ်သံပါအောင် အောက်လိုက်တဲ့အသံကြီးကြားရလို့ကျုပ်တို့လူစုသွားကြည့်တဲ့ အခါရတနာ သေတ္တာကြီးပေါ်မှာ မှောက်လျက်ကြီးလဲကျနေတဲ့ ချစ်ကိုရဲ့ အလောင်းကြီးကို တွေ့ရတယ်။ ချစ်ကိုရဲ့ ခေါင်းတစ်ခုလုံးပုဆိန်နဲ့အထုခံရသလို ကြေမွနေပြီး သူ့လက်ထဲမှာလဲ မောင်း ချဓားတစ်ချောင်းကို ကိုင်လျက်တွေ့ရတယ်။ လောဘကြီးတဲ့ ချစ်ကိုဟာ ရတနာသေတ္တာကို ညလူ ခြေတိတ်ချိန်မှာခိုးဖွင့်ပုံရတယ်။ ဒီလိုနဲ့ချစ်ကိုရဲ့အလောင်းကို ကျွန်းပေါ်မှာပဲမြှုပ်ထားခဲ့ပြီး နေရပ်ဒေသ ကို ပြန်ခဲ့ကြတယ်။ ကျုပ်တို့ဟာရန်ကုန်မြို့ကို ရောက်တော့မှ

နားလည်ကြတတ်ကျွမ်းတဲ့သူတွေ ရှေ့ မှာ ရတနာသေတ္တာကြီးကို ဖွင့်မယ်လို့ ဆုံးဖြတ်ထားတယ်။ ဒီလိုနဲ့ရန်ကုန်ဝင်ကာနီးည သန်းခေါင်ယံ အချိန်မှာ ကြောက်မက်ဖွယ်အသံကြီးကြားရလို့ သွားကြည့်လိုက်တော့ ရတနာသေတ္တာကြီးပေါ်မှာ မှောက်လျက်သားသေနေတဲ့ ဖိုးတာရဲ့အလောင်းကိုတွေ့ရတယ်။ ဖိုးတာရဲ့ခေါင်းတစ်ခုလုံးကြွေမွနေ နေပြီ ချစ်ကိုသေတဲ့ပုံစံနဲ့တစ်ပုံစံတည်းပဲ၊ ဖိုးတာရဲ့လက်ထဲမှာလဲ ဝက်အူလှည့်တစ်ချောင်းကို ကိုင်ထား လို့ လောဘသားဖိုတာဟာ ရတနာ သေတ္တာကြီးကို ခိုးဖွင့်ပုံရတယ်။ တကယ်တော့ ဒီသေ တ္တာကြီးဟာ ရတနာ သေတ္တာကြီးဟုတ်ချင်မှဟုတ်မှာပါဆရာ၊ ကျိန်စာသင့်နေတဲ့ သေတ္တာကြီးနဲ့တူ ပါတယ်။ မကောင်းဆိုးဝါ အစောင့်အရှောက်တွေလဲ ရှိမယ်ထင်ပါတယ်။ ဒါကြောင့် သေတ္တာဖွင့်တဲ့ သူ တိုင်း အသေဆိုးနဲ့သေရတာ ပါ ကျုပ်တို့အားလုံး ရတနာတွေမလိုချင်တော့ပါဘူး၊ သေတ္တာကြီးကို ဆရာတို့လက်အပ်ပါတယ်”

လို့ ရှည်ရှည်ဝေးဝေး ပြောပြတယ်။

ဆာပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

“ကျုပ်တို့ သေတ္တာကြီးကို ကြည့်ချင်တယ်၊ ဖိုးတာရဲ့အလောင်းကိုလဲ ကြည့်ချင်တယ်”

လို့ဆိုလိုက်တော့ လေ့သူကြီး ဦးရွှေရဟာ ကျွန်ုပ်တို့ကို သေတ္တာကြီးရှိရာ သီသန့်ခန်းကို ခေါ် သွားတယ်။ ကျွန်ုပ်တို့လည်း သေတ္တာကြီးရှိတဲ့နေရာကို စိတ်လှုပ်ရှားစွာနဲ့လိုက်သွားတယ်။ သေတ္တာ ကြီး ရှိတဲ့အခန်းကိုရောက်တော့ သေတ္တာပေါ်မှာ မှောက်လျှက်သေဆုံးနေတဲ့ လေ့ထိုးသားဖိုးတာရဲ့ အလောင်းကို တွေ့ရတယ်။ သေတ္တာရဲ့ အပြင်ဘက်မှာလေ့သူကြီးပြောသလို ရေးသားထားတဲ့ စာ တွေကိုတွေ့ရတယ်။

ဆားပုလင်းမင်းအောင်က သေတ္တာကို သေချာစွာကြည့်ပြီး

“သေတ္တာကတော့ ဝက်သစ်ချသားနဲ့ လုပ်ထားတာပဲ၊ သေတ္တာရဲ့ အပြင်မှာလဲ သက္ကရာဇ် ၉၇၄ လို့ရေးထိုးထားတယ်၊ သက္ကရာဇ် ၉၇၄ တန်ခူးလပြည့်ကျော် ၃ ရက်၊ စနေနေ့မှာပေါ်တူကီလူမျိုး ဒီဘရစ်တို့ (ခေါ်) ငဇင်ကာကို မဟာဓမ္မရာဇာမင်းက ကွပ်မျက်ခဲ့တာဗျ၊ ဒါကြောင့် ဒီသေတ္တာဟာ ငဇင်ကာနဲ့ပက်သက်နိုင်တယ်။ ဒါပေမဲ့ ငဇင်ကာပိုင်ဆိုင်တဲ့ သေတ္တာကဘာကြောင့် မြိတ်ကျွန်းစုကို ရောက် နေသလဲဆိုတာ စဉ်းစားစရာပဲ၊ ဒီအလုပ်ဟာ ကျုပ်တို့အလုပ်တော့ မဟုတ်ဘူး၊ သမိုင်းဆရာတွေ အလုပ်ပဲ၊ သေတ္တာကိုလုပ်ထားတာကမြန်မာလက်ရာမဟုတ်ဘူး၊ ဒါပေမဲ့ သေတ္တာပေါ်မှာ ရေးထိုး ထားတဲ့ စာတွေက မြန်မာစာတွေဖြစ်နေလို့ သေတ္တာကိုထိမ်းသိမ်းရတဲ့လူက မြန်မာလူမျိုးဖြစ်မယ် ထင် တယ်”

လို့မှတ်ချက်ချပြီး သေသူဖိုးတာရဲ့အလောင်းကို ဆက်လက် စစ်ဆေးနေတယ်။ ဒီအချိန်မှာပဲ အင်းစိန်စီအိုင်ဒီက စုံထောက်ကျော်ကြီးများရောက်လာပြီး လှေသူကြီးထံမှာ အမှုအကြောင်း မေးမြန်း ကြတယ်။

နောက်တော့ ကိုစိန်မြင့်ဟာ သေတ္တာကြီးနားမရဲတရဲကပ်ပြီး မှန်ဘီလူးနဲ့ ကြည့်ရှုနေတယ်၊ စုံ ထောက်ကိုတင်လှက ပေကြိုးဘူးကြီးကိုင်ပြီး သေတ္တာကြီး ပတ်ပတ်လည်မှာ ရပ်နေတယ်။ သေတ္တာ အနီးကိုလဲ မကပ်ရဲဘူး။

စုံထောက်ဦးပေါ်ဦးကြီးက ကိုတင်လှကိုကြည့်မရတာ နဲ့

“ဟေ့လူ....ပေကြိုးဘူးကြီးကိုင်ပြီး ဘာရပ်လုပ်နေတာလဲ၊ တိုင်းစရာမရှိရင် လှေသူကြီးဦး ရွှေရ ကို တိုင်းလေ”

လို့ နောက်ပြောင်လိုက်လို့ ကိုတင်လှက မျက်စောင်းထိုးလိုက်တယ်။ ကျွန်ုပ်နဲ့ စုံထောက်ဦး ပေါ်ဦးကြီးလည်း သေတ္တာကြီးကိုမကောင်းဆိုးဝါး သေတ္တာကြီးလို့ယူဆပြီး အနားမကပ်ရဲဘူး။

လှေထိုးသားတွေတောင် သေတ္တာကြီးကိုရဲရဲကြည့်ဝံ့ဟန်မရှိဘူး၊ စုံထောက်ကိုစိန်မြင့်တို့လူ စု ဟာ သေတ္တာကြီးကို ရတနာသေတ္တာလို့ယူဆပြီး ရတနာတွေတွေ့ရင် ကျိန်းသေရာထူး တက်မယ် ထင်ပြီး သော့ပြင်ကုလားကိုသွားခေါ်တယ်။ သော့ပြင်ကုလားရောက်တဲ့အခါ ကုလားဟာ ဘုမသိ ဘမသိနဲ့ သေတ္တာကို ဖွင့်နေတယ်၊ စုံထောက်ကိုစိန်မြင့်ဟာ သေတ္တာ ပွင့်တော့မယ်လို့ယူဆပြီး

"ဒီအချိန်ကစပြီး စုံထောက်ကိုစိန်မြင့် ကိုယ်တိုင်ရတနာ သေတ္တာကို ကြိုးကြိုးစားစားဖွင့်နေ ပါပြီ"

လို့ ပြောလိုက်တော့ ကိုတင်လှရဲ့မျက်နှာရှုံ့မဲ့သွားပြီး

"ဟေ့လူ ဒီလိုတော့ခွဲခြား ခွဲခြားမလုပ်နဲ့ဗျာ၊ သေတ္တာကို သော့ပြင်ကုလားနဲ့ ဖွင့်ဖို့အကြံ ပေးတာ ကျုပ်ပါဗျ"

လို့ဆိုလိုက်တော့ကိုစိန်မြင့်က ခေါင်းညိတ်ပြီး

"ကောင်းပြီ စုံထောက်ကိုစိန်မြင့်နဲ့ ကိုတင်လှတို့ အကြံဉာဏ်နဲ့ ပူးပေါင်းပြီးဖွင့်နေပါပြီ"

လို့ပြောဆိုလိုက်တယ်၊ စုံထောက်ဦးပေါ်ဦးကြီးက ကျွန်ုပ်လက်ကို ကုတ်ပြီး

"ကျုပ်ရင်ထိတ်လာပြီ၊ အခန်းပြင်ထွက်ရအောင်၊ ဒီလူတွေကိုမကောင်းဆိုးဝါးတစ် ကောင် ကောင်ထွက်လာပြီး တင်းပုတ်နဲ့ထုရင်ခက်မယ်"

လို့ပြောတယ်၊ စုံထောက်ဦးပေါ်ဦးကြီးဟာ လူလူချင်းကြောက်ရွံ့တတ်သူမဟုတ်ပေမဲ့ နာနာ ဘာဂ သရဲတစ္ဆေတွေကို အလွန်ကြောက်သူဖြစ်တယ်။

ကျွန်ုပ်ကတော့ ကိုစိန်မြင့်တို့လူစုနေရာမကျဘဲ အူကြောင်ကြောင်နဲ့ အရှက်ကွဲမှာကိုကြိုတင် မြင်ယောင်တဲ့အတွက် ကြည့်ချင်မြင်ချင်လှတယ်။

ဒါကြောင့် ဦးပေါ်ဦးကြီးကို ရဲဆေးတင်ပြီး

"မကြောက်ပါနဲ့ဗျာ၊ ကိုမင်းအောင်တစ်ယောက်လုံး ရှိပါတယ်၊ ကျုပ်တို့အန္တရာယ် ရှိရင် ကိုမင်း အောင် ကာကွယ်ပေးမှာပေ့ါ"

လို့ဆိုပြီး ကြည့်ရှုနေတယ်။

သော့ပြင်ကုလားဟာ သော့ပေါက်ထဲကိုသံချောင်းအမျိုးမျိုးနဲ့ မွှေနှောက်ပြီးနာရီဝက်လောက် ကြာတဲ့အခါ ချလောက်ဆိုတဲ့အသံနဲ့အတူသော့ပွင့်သွားတယ်။

စုံထောက်ကိုစိန်မြင့်ဟာ သော့ပွင့်ပွင့်ချင်း

"အမလေးသော့ပွင့်ပြီဗျို့"

ဆိုပြီးအနောက်ကိုခုန်ဆုတ်ပြေးတယ်။ သော့ပြင်ကုလားလည်း ဘုမသိဘမသိထပြေးတယ်။

လှေသူကြီးနဲ့ လှေထိုးသားတွေက ကြောက်လွန်းလို့ ဘုရားစာတွေရွတ်နေတယ်။

စုံထောက်ဦးပေါ်ဦးကြီးဟာ ကြောက်လွန်းလို့ ဒူးတွေတဆတ်ဆတ်တုန်နေတယ်။

ကျွန်ုပ်ရင်တစ်ခုလုံးလည်း ဒိတ်ဒိတ်ခုန်နေတယ်။ ခဏကြာတော့ စုံထောက်ကိုတင်လှက အရဲ စွန့်ပြီး

"ကိုစိန်မြင့် ကျုပ်တို့ သေတ္တာ ဖွင့်ကြည့်ရအောင်"

လို့ဆိုပြီး ကျွန်ုပ်တို့ဘက်ကိုလှည့်ကာ

“ခင်ဗျားတို့အားလုံး သေနတ်တွေထုတ်ပြီး သေတ္တာကိုချိန်ထားကြပါ၊ သေတ္တာထဲက တစ်ခုခု ထွက်လာရင် တစ်ခါတည်းပစ်လိုက်ပေတော့”

လို့ဆိုတော့ ကျွန်ုပ်တို့အားလုံး သေနတ်ကိုယ်စီထုတ်ပြီး သေတ္တာကို ချိန်ထားလိုက်တယ်။

ဆားပုလင်းမင်းအောင်တစ်ယောက်ကတော့ တုန်လှုပ်ချောက်ချားဟန်မရှိဘဲ ဂျွန်ပလေးယား မုတ်ဆိပ် စီးကရက်တစ်လိပ်ကို မီးညှိပြီး ဟန်ပါပါခဲနေတယ်။

စုံထောက်ကိုစိန်မြင့်နဲ့ ကိုတင်လှဟာ သေတ္တာကြီးရဲ့ လေးလံလှတဲ့အဖုံးကြီးကို အားကုန် မတင်လိုက်တော့ သေတ္တာကြီးက ကျွီခနဲမြည်ပြီး ဖြည်းညင်းစွာပွင့်သွားတယ်၊ သေတ္တာကြီးပွင့်တဲ့အခါ ကျွန်ုပ်တို့ အားလုံး သေတ္တာကြီးကို မျက်တောင်မခတ်တမ်းကြည့်ပြီး သေနတ်နဲ့ချိန်ထားကြတယ်။

အတန်ကြာတဲ့အထိဘယ်အရာမှထွက်မလာတဲ့အတွက် သတိကြီးစွာထားပြီး သေတ္တာအနီးကို ကပ်သွားကြတယ်။ ဒီအခါမှာ သေတ္တာကြီးရဲ့ထောင့်တစ်နေရာမှာ ကျောက်မျက်ရတနာတွေ စီခြယ် ထားတဲ့ ရွှေကလပ်တစ်ခုနဲ့ ရွှေဖယောင်းတိုင် တစ်တိုင်ကို တွေ့ရတယ်။

ရွှေကလပ်မှာ စီခြယ်ထားတဲ့ ကျောက်မျက်ရတနာတွေရဲ့ တန်ဘိုးမှာတင် အဖိုးမဖြတ်နိုင် အောင် တန်ဖိုးရှိမယ်ထင်ရတယ်၊ စုံထောက်ကိုတင်လှက

“ဟင်….သေတ္တာထဲမှာ ရွှေကလပ်နဲ့ရွှေဖယောင်းတိုင်အပြင် ဘာမှမရှိပါလား၊ သေတ္တာကြီးက ဘာလို့ ဒီလောက်ကြီးနေတာလဲ”

လို့ရေရွတ်လိုက်တယ်။

ဒီအခါဆားပုလင်းမင်းအောင်ဟာ ဂျွန်ပလေယားမုတ်ဆိတ်စီးကရက်ကို

ခဲပြီးလူအုပ်ရှေ့ကို အလွန်ကြည့်ကောင်းအောင်လျှောက်သွားပြီး

“သေတ္တာရဲ့အဖုံးနဲ့ဘေးနံရံရဲ့ အထူကိုက ၆ လက်မလောက်ရှိတယ်။ အဖုံးကို ကုပ်ထားတဲ့ စပလိန်ကလဲ အလွန်ကြီးတယ်၊ ဒီသေတ္တာကြီးက လှေထားသားချစ်ကိုနဲ့ဖိုးတာတို့သေဆုံးရတာ ကို အဖြေရှာပေးလိမ့်မယ်”

လို့ဆိုလိုက်တော့ ကျွန်ုပ်က ဂမ်းသာအားရဝင်ပြီး

“ဟင်….လူသတ်မှုရဲ့တရားခံကို ကိုမင်းအောင် ရှာလို့တွေ့ပြီထင်တယ်။”

လို့ မေးမြန်းလိုက်တော့ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြလိုက်တယ်၊ ဒီအခါမှာ သူ တစ်ပါးကောင်းစားတာကို မနာလိုမရှုဆိတ်နိုင်တဲ့ ကိုစိန်မြင့်က

“ဘာပဲဖြစ်ဖြစ် ရတနာတွေကို ကျုပ်တို့အစွမ်းအစနဲ့ တွေ့တာဗျ။ ရာထူးတက်စရာရှိရင် ကျုပ် တို့ပဲတက်မယ်၊ ကဲ….ရွှေကလပ်နဲ့ ရွှေဖယောင်းတိုင်ကို ယူကြမယ်”

ဆိုပြီး သေတ္တာထဲကို ကိုယ်ကိုကိုင်းညွတ်လိုက်တယ်။

ဒီအခါမှာ ဆားပုလင်းမင်းအောင်က ကိုစိန်မြင့်နဲ့ ကိုတင်လှရဲ့ကုပ်ကို ကိုင်ပြီး လျှင်မြန်စွာ ဆောင့်ဆွဲလိုက်တော့ ကိုစိန်မြင့်နဲ့ကိုတင်လှဟာ ကိုမင်းအောင်လက်ထဲမှာ ယက်ကန်ကန်ပါလာတယ်။

ကိုစိန်မြင့်က ဒေါသတကြီးနဲ့

“ဟော့လူဘာလုပ်တာလဲ ကျုပ်တို့ကိုလွှတ်”

လို့ အော်ဟစ်လိုက်တော့ ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

“ဒီအချိန်ကစပြီး ခင်ဗျားတို့ လူတွင်ကျယ်လုပ်တာ ရပ်တန်းကရပ်ပေတော့ မရပ်ဘဲ ရွှေဖ ယောင်းတိုင်ယူဖို့ကြိုးစားရင် လူပြည်ကြာကြာနေရမှာ မဟုတ်ဘူး”

လို့ဆိုပြီး ကျွန်ုပ်ဘက်လှည့်ကာ

"အိုင်ပီရေမရှိမသေဗျာ၊
အခန်းထောင့်လမ်းလျှောက်တုတ်လေးကမ်းလိုက်ပါဗျာ"

လို့ပြောတဲ့အတွက် ကျွန်ုပ်က လမ်းလျှောက်တုတ်ကိုယူပေးလိုက်တယ်။ ဆားပုလင်းမင်း အောင်က လက်ထဲကို လမ်းလျှောက်တုတ်ရောက်တော့ တုတ်နဲ့ရွှေကလပ်ကို မ လိုက်တာ သေတ္တာ အောက်ခြေက သံမဏိအချွန်တွေ လက်ခနဲထိုးထွက်လာပြီး အဖုံးလဲ ဒုန်းခနဲ ပြန်ပိတ်သွားတယ်။

ဒီတော့မှ ကိုစိန်မြင့်နဲ့ ကိုတင်လှဟာ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေခဲ့တယ်။

သူတို့နှစ်ယောက် မိုက်ရူးရဲ့ဆန်ဆန် ရွှေကလပ်ကို မယူလိုက်ရင် လေ့ထိုးသားများနောက်ကို လိုက်သွားရမှာ သေချာတယ်။

ဒီတော့ မှ ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယား မှတ်ဆိတ်စီးကရက်ကိုဖွာရှိုက် လိုက်ပြီး

"လောဘကြီးတဲ့လေ့ထိုးသားနှစ်ယောက်ဟာ သေတ္တာကြီးကိုဖွင့်ပြီး ရွှေကလပ်ကို မယူကြ လိမ့်မယ်။ ဒီအချိန်မှာ စပလိန်ပြုတ်ထွက်ပြီး သေတ္တာအောက်က သံချောင်းတွေ ထွက်လာပြီး သူတို့ ဦးခေါင်းတွေကို စူးနစ်ဝင်သွားတာဖြစ်မယ်။ သံချောင်းရဲ့ အရှိန်ကြောင့် စူးနစ်ခံရတဲ့သူ အနောက်ကို လန်ကျ အသွားအဖုံးကြီးလဲပြန်ပိတ်သွားတာပါပဲ။ တကယ်တော့ ရတနာ သေတ္တာကြီးဟာ မစူးစမ်း မဆင်ချင်တဲ့ လောဘသားတွေအတွက် သေမင်းထောင်ချောက်ကြီးပါဗျာ"

လို့ ရှင်းလင်းပြလိုက်တယ်။

ဆားပုလင်းမင်းအောင်ရဲ့ စကားအဆုံးမှာ စုံထောက်ဦးပေါ်ဦးကြီးဟာ

ကိုစိန်မြင့်နဲ့ ကိုတင်လှ ရဲ့နေရာမကျပုံကို ကြည့်ပြီး တဟားဟား ရယ်မောလိုက်ရင်း

“ဘယ်လိုလဲ ကိုယ့်လူတို့ဆားပုလင်းမင်းအောင်ကို ပြိုင်ချင်သေးလား၊ ဆားပုလင်းမင်းအောင် ကယ်လိုက်လို့ ခင်ဗျားတို့ အသက်ချမ်းသာရတယ်မှတ်ပါ၊ ခင်ဗျားတို့နှစ်ယောက် ဆားပုလင်းမင်း အောင်ကို အသက်သခင်ကျေးဇူးရှင်ဆိုပြီး ထိုင်ကန်တော့ဖို့ကောင်းတယ်”

လှောင်ပြောင်လိုက်တော့ စိတ်ထားယုတ်မာတဲ့စုံထောက် နှစ်ယောက်ဟာ ဆားပုလင်းမင်း အောင်ကို ကျေးဇူးတင်စကားတောင် မပြောနိုင်ဘဲတစ်ချိုးတည်းလစ်ပြေးလေတော့ တယ်။

ဆားပုလင်းမင်းအောင်ကတော့ ဦးပေါ်ဦးကြီးရဲ့ကားကို သတိမထားမိဟန်နဲ့ မြစ်ပြင် ကျယ်ကြီးကို ငေးကြည့်နေတော့တယ်။

*

# အပိုင်း(၁)

တစ်နေ့သ၌ ဘုန်းကြီးလမ်းမှာ လူသတ်မှုဖြစ်တယ်ဆိုလို့ ကျွန်ုပ်နဲ့ စုံထောက်ဦးပေါ်ဦး ဟာ လူသတ်မှုဖြစ်ရာနေရာသို့ သွားဖို့ပြင်ဆင်ကြတယ်။

ကျွန်ုပ် မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် မရှိတဲ့အတွက် ဆားပုလင်းမင်းအောင်နေထိုင်ရာ အမှတ် (၇) အသောကလမ်း၊ ကျောက်မြောင်း၊ တာမွေကို ထွက်ခဲ့တယ်။

ဆားပုလင်းမင်းအောင်ရဲ့ အိမ်ကို ရောက်တော့ ဆားပုလင်းမင်းအောင် အိမ်မှာမရှိဘဲ အိမ် တံခါးသော့မှာ စာတစ်စောင်ကပ်ထားတာတွေ့ရတယ်။

ကိုမင်းအောင်ရဲ့ စာထဲမှာ သာသနာပြုကျောင်းတစ်ကျောင်းက ဟောပြောပွဲ ဖိတ်ကြား သဖြင့် သွားရောက်ကြောင်းရေးသားထားပြီး နေ့လယ် ၁၂ နာရီခန့်ပြန်ရောက်မယ်လို့ ရေးသားထားတယ်။

ကျွန်ုပ်က စာကို ဖတ်ပြီး

“ကိုမင်းအောင်ကို စောင့်ပြီးမှ လူသတ်မှုဖြစ်တဲ့ ဘုန်းကြီးလမ်းကို သွားမယ်ဗျို့”

လို့ ပြောတော့ ဦးပေါ်ဦးကြီးက

“ဒါ အကောင်းဆုံးပဲဗျို့၊ ကျုပ်တို့က စုံထောက်လို့သာ အမည်ခံထားပေမဲ့ ကိုမင်းအောင်နဲ့ယှဉ် ရင် စုံထောက်ပညာမှာ သူငယ်တန်းအဆင့်ပဲရှိတယ်။”

လို့ပြောပြီး ကိုင်မင်းအောင်ကို ကားထဲမှာ ထိုင်စောင့်ကြတယ်၊ ခဏကြာတော့ ကိုမင်းအောင် ပြန်ရောက်လာလို့ ကျွန်ုပ်က

“ဘုန်းကြီးလမ်းမှာ လူသတ်မှုဖြစ်လို့ ကိုမင်းအောင်ကိုလာခေါ်တာဗျို့၊ ကိုမင်းအောင်က အရေး ထဲ ဘာတွေသွားဟောနေတာလဲ”

လို့မေးမြန်းတဲ့အခါ ဆားပုလင်းမင်းအောင်က ကလေးသူငယ်တွေနဲ့ အုပ်ထိန်းသူ မိဘ တွေကြားက ကွာခြားချက်တွေကို တော်ရုံတန်ရုံမိဘတွေမသိဘူးဗျ၊ ဒါကြောင့်ကျုပ်ကအပင်ပန်းခံပြီး သွားဟောပေးနေတာ။

လို့ဆိုပြီး ကျွန်ုပ်တို့ ကားပေါ်တက်လိုက်လာခဲ့တယ်။

ကျွန်ုပ်လည်း လူသတ်မှုဖြစ်တဲ့နေရာကို စိတ်စောပြီး ဖို့ဒ်ကားစုတ်လေးကို အပြင်းမောင်းနှင်လာ ခဲ့တယ်။

ဆားပုလင်းမင်းအောင်ကတော့ အမှုနဲ့ပတ်သက်လို့ စိတ်ဝင်စားဟန်မရှိဘဲ

“ကျုပ်တို့မြန်မာမိဘတွေက ကလေးကို စည်းကမ်းတကျ ထိမ်းသိမ်းတာနဲ့ ချုပ် ချယ် တာမသဲ ကွဲဘူးဖြစ်နေတယ်။ မိဘတွေ ဗဟုသုတနည်းတဲ့အခါကလေးရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့လေ့လာလို စိတ် တွေကိုချိုးနှိပ်သလို ဖြစ်သွားတယ်ဗျ”

လို့ဆိုလိုက်တော့ကျွန်ုပ်က

“ကိုမင်းအောင်ကတော့ စုံထောက်ပညာသာမကဘူး၊ ကလေးသူငယ်နဲ့ပတ်သက်တဲ့ စိတ်ပညာ မှာလဲ နှံ့နှံ့စပ်စပ်ရှိပါဗျာ”

လို့ ချီးမွမ်းလိုက်တော့ ကိုမင်းအောင်က သက်ပြင်းချပြီး

“ဒါပေမဲ့၊ ကျွန်တော့်ကိုဟောပြောဖို့ ဖိတ်ကြားတဲ့ ကျောင်းတွေထဲမှာ မြန်မာအမျိုးသား ကျောင်း တစ်ကျောင်းမှမပါဘူး၊ အားလုံး သာသနာပြု ကျောင်းတွေချည်းပဲဗျ”

လို့ဆိုတယ်၊ ကျွန်ုပ်တို့ စုံထောက်ကျော်တွေရဲ့ ဖိုဒ့်ကားစုတ်လေး ဘုန်းကြီး လမ်းကိုရောက် တဲ့အခါသုံးထပ်တိုက်တစ်လုံး ရှေ့မှာ အင်းစိန်စီအိုင်ဒီကမှ ကားတွေရပ်ထားတဲ့အတွက် စုံထောက် ဦးပေါ်ဦးက

"ကျုပ်တို့နောက်ကျနေပြီဗျို့၊ စီအိုင်ဒီက စုံထောက်ကျော်ကြီးတွေရောက်နေပြီ၊ ကျုပ်တို့ သဲ လွန်စရှာစရာ မကျန်တော့ဘူးနဲ့တူတယ်"

လို့ပြောတယ်။

ကျွန်ုပ်တို့စုံထောက်ကျော်များ လူသတ်မှုဖြစ်ပွားရာ သုံးထပ်အခန်းကို ရောက်တဲ့အခါ စုံ ထောက်ကိုစိန်မြင့်ဟာ ဗီရိုကြီးတစ်လုံးကိုဖွင့်ပြီး ပစ္စည်းတွေကို အရေးတကြီးအမူအယာနဲ့ အလော တကြီး ရှာဖွေနေတယ်။

စုံထောက်ဦးပေါ်ဦးကြီးက ကုန်းရုန်းပြီး ရှာဖွေနေတဲ့ ကိုစိန်မြင့်ကို ကြည့်မရလို့ စုံထောက် ကိုစိန်မြင့်ရဲ့တင်ပါးကို ဖုန်းခနဲရိုက်ပြီး

"ဘာတွေရှာနေတာလဲ ကိုစိန်မြင့်ရဲ့"

လို့ မေးလိုက်တဲ့အခါ ကိုစိန်မြင့်က ရုတ်တရက်လန့်ဖြန့်ပြီး

"အမလေး"

လို့အော်လိုက်ပြီး မှ ဦးပေါ်ဦးကြီးကို မြင်တော့

"ဟော့လူ....ကျုပ်အလုပ်လုပ်နေတာ မနောက်ယှက်နဲ့ဗျာ"

လို့ဆိုလိုက်တော့ ဦးပေါ်ဦးကြီးက

"စကားကြီးစကားကျယ်တွေ လုပ်မနေပါနဲ့ဗျာ၊ စုံထောက်လုပ်လာတာ အိုသေတော့ မယ်၊ ခင်ဗျားဘယ်တုန်းက လူသတ်မှုတရားခံ ဖမ်းဖူးလို့လဲ"

မေးမြန်းလိုက်တဲ့အခါ စုံထောက်ကိုစိန်မြင့်မျက်နှာ ရှုံ့မဲ့သွားတယ်။

ကိုတင်လှဆိုတဲ့ စုံထောက် ကလဲ ပေကြိုးဘူးကြီးတကိုင်ကိုင်နဲ့ ဟိုသည်ပြေးလွှားနေတယ်။

စုံထောက်ဦးပေါ်ဦးကြီးက အရေးတကြီးအမူအယာနဲ့ ပြေးလွှားနေတဲ့ ကိုတင်လှရဲ့လက်ကို လှမ်းဆွဲလိုက်ပြီး

"ဒီမှာ ကိုတင်လှ ခင်ဗျားတိုင်းရမဲ့နေရာတစ်ခုကျန်သေးတယ်"

လို့ဆိုလိုက်တော့ ကိုတင်လှက ဦးပေါ်ဦးအကျင့်ကို သိလို့မယုံမရဲနဲ့

"ဘာကို တိုင်းရမှာလဲဗျ၊ ခင်ဗျားမကြပ်နဲ့နော်"

လို့ဆိုလိုက်တဲ့အခါ ဦးပေါ်ဦးကြီးက အရေးကြီးတဲ့အမူအယာနဲ့

"မကြပ်ပါဘူးဗျာ၊ အရေးကြီးတာ ကျန်သွားမှာစိုးလို့ ခင်ဗျားကို စေတနာနဲ့ သတိပေးတာပါ ဒီမှာ လူသတ်မှုဖြစ်တာသုံးထပ်တိုက်မှာမဟုတ်လား၊ ဒီတော့ သုံးထပ်တိုက်ရဲ့ အမြင့်ကိုတိုင်းသင့်တာပေါ့ ဒါမှ အမှုစုံစမ်းတဲ့အခါ အထောက်အကူပြုမှာပေါ့၊ ခင်ဗျားကို စေတနာနဲ့ အကြံပေးတာနော်"

လို့ ကြပ်ပေးလိုက်တော့ ဦးနှောက်မရှိတဲ့ စုံထောက်ကိုတင်လှဟာ အိမ်အမြင့်ကို တိုင်းဖို့ လှေကားက ကမန်းကတန်း ပြေးဆင်းသွားတယ်။

စုံထောက်ကိုစိန်မြင့်တို့လူစုနဲ့ အပြိုင်အလွန် ဟန်ကြီး ပန်ကြီးနိုင်တဲ့ သတင်းထောက်တစ် ယောက်ဟာ သေသူကို ရှုထောင့်အမျိုးမျိုးက ဓာတ်ပုံရိုက်ယူနေပြီး ဆားပုလင်း မင်းအောင်ကိုမြင်တဲ့ အခါ ဓာတ်ပုံတဖျတ်ဖျတ် ရိုက်ပြီး

"နာမည်ကျော်ဆားပုလင်းမင်းအောင်အမှုနဲ့ ပတ်သက်ပြီးဘာတွေ ကြိုတင်တွေးထားပြီးပြီလဲ"

လို့ မေးမြန်းလိုက်တော့ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်းပြီး

"ဘာကိုမှ ကြိုတင်တွေးမထားဘူး၊ ကျုပ်ဟာ မဖြစ်သေးတဲ့အရာတွေနဲ့

ဖြစ်ပြီးတဲ့အရာ ကို ဘယ်တော့မှ ကြိုတင်တွေးမထားဘူး၊ ပစ္စုပ္ပန်ထဲမှာပဲနေလေ့ရှိတယ်”

လို့ ဖြေလိုက်တော့ ဓါတ်ပုံသတင်းထောက်ဟာ ဆားပုလင်းမင်းအောင်ရဲ့ ဖြေကြားချက်ကို ကမန်းကတန်း ရေးမှတ်နေတာတွေ့ရတယ်။

ဆားပုလင်းမင်းအောင်ဟာ သေသူကို စတင်စစ်ဆေးလိုက်တယ်၊ သေသူတဟာ အသက် ၅၀ ဝန်းကျင်ရှိပြီး သန်မာကြံ့ခိုင်သော အမူအယာရှိနေတယ်၊ သေသူရဲ့ကိုယ်ပေါ်မှာ ဆေးမင်ကြောင်တွေ ရေးထိုးထားတာ မြင်ရပြီး သေသူဝတ်ဆင်ထားတဲ့ ရွှေရောင်နာရီဟာ ၉ နာရီကျော်ကျော်မှာ ရပ်တန့်နေတဲ့အတွက် သေဆုံးတဲ့အချိန်ကို ခန့်မှန်းနိုင်တယ်။

သေသူရဲ့ အကျႌအိတ်ထဲမှာ ငွေစက္ကူအနည်းငယ်နဲ့ မက္ကဇင့်ဘဏ်က ဘဏ်စာအုပ် တစ်အုပ်ကို တွေ့ရတယ်၊ ဆားပုလင်းမင်းအောင်က ဘဏ်စာအုပ်ကို ဖွင့်ကြည့်လိုက်တော့ ဘဏ်စာအုပ်ထဲက စာရွ က်အပိုင်းအစတစ်ခုတွေ့လို့ ဆားပုလင်းမင်းအောင် မျက်မှောင်ကြုတ်ကြည့်ပြီး သိမ်းဆည်းလိုက် တယ်။

အနီးကစားပွဲပေါ်မှာကျည်ဆံအပြည့်ထိုးထားတဲ့ ခြောက်လုံးပြူးသေနတ်တစ်လက်ကို တွေ့ ရတယ်။

နောက်တော့ အိမ်စေမိန်းကလေးကို စစ်မေးကြည့်တော့ မိန်းကလေးမှာ အကြောက်ပိုနေလို့ ဆားပုလင်းမင်းအောင်က

“မကြောက်ပါနဲ့ မိန်းကလေး ဒီနေ့ဖြစ်ပုံကို ပြောပါဦး”

လို့ ပြောတယ်။

မိန်းကလေးက

“ကျွန်မ ဒီနေ့မနက်အိမ်ကိုရောက်တော့ တံခါးကြီးပွင့်နေတာမြင်လို့ ဆရာကြီးလို့ အသံပြုပြီး အိမ်ထဲကို ဝင်လိုက်တဲ့အခါ ဆရာကြီးရဲ့ အလောင်းကြီးကို

တွေ့တာပါပဲရှင်”

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က

“ဒီရက်ပိုင်းမှာ ဦးဘသော်ဟာ တစ်စုံတစ်ယောက်ကို စိုးရိမ်နေတဲ့ အမူအယာမျိုး တွေ့ရ သလား”

လို့မေးမြန်းလိုက်တော့ အိမ်စေမိန်းကလေးက မျက်မှောင်ကြုတ်စဉ်းစားပြီး

“ဟို.....ဒီရက်ပိုင်းမှာ ကျွန်မကို အိမ်တံခါး အမြဲပိတ်ဖို့ပြောပါတယ်၊ ကျွန်မက မေ့ပြီး အိမ်တံ ခါးခဏဖွင့်လိုက်မိတာ ဆူလို့မဆုံးတော့ဘူး”

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်ဟာ အိမ်ပတ်ဝန်းကျင်ကို တစ်ပတ်လောက်လှည့်ကြည့် ပြီး၊

“ရပါပြီဗျာ၊ ပြန်ကြပါစို့”

လို့ပြောတဲ့အတွက် ကျွန်ုပ်နဲ့စုံထောက်ဦးပေါ်ဦးဟာ အမှုကိုစိတ်မဝင်စားတဲ့အတွက် သဲလွန်စ ရှာဖို့မကြိုးစားဘဲကိုမင်းအောင်အနောက်ကိုပြန်လိုက်လာပါတယ်။

စုံထောက်ဦးပေါ်ဦးကြီးက ကိုစိန်မြင့်တို့လူစုရဲ့ဟန်ရေးပြပုံကိုကြည့်မရလို့

“ဟေ့လူတွေ....အပိုအလုပ်တွေ လုပ်မနေနဲ့၊ တရားခံကို ခင်ဗျားတို့ဘယ်တော့မှ မမိဘူး၊ လည်ဖြတ်ကြေးလောင်းမယ်”

လို့ လှောင်ပြောင်လိုက်တယ်။ ကိုစိန်မြင့်တို့လူစုဟာဦးပေါ်ဦးကြီးကို နှုတ်လှန်မထိုးရဲလို့ မကြားချင်ယောင်ဆောင်ပြီး ကျွန်ုပ်တို့ လှေကားပေါ်ရောက်မှ

“ဆားပုလင်းမင်းအောင် နောက်ဆွဲတွေ”

လို့ မကြားတကြားပြောသံကြားလိုက်ရတယ်။

ကျွန်ုပ်တို့ ကားပေါ်ကိုရောက်တော့ ကိုမင်းအောင်က

"မဂိုလမ်းမှာ ချစ်တီးထမင်းစားရအောင်ဗျို့"

လို့ ပြောတဲ့အတွက် ကျွန်ုပ်က ကားကိုမဂိုလမ်း (ယခုရွှေဘုံသာလမ်း) ကို မောင်းခဲ့ တယ်။

လမ်းခရီးမှာ ကျွန်ုပ်က

"အမှုနဲ့ ပတ်သက်လို့ ဘယ်လိုသဲလွန်စတွေ ရသလဲကိုမင်းအောင်"

လို့ မေးလိုက်တော့ ကိုမင်းအောင်က

"သေသူ ဦးဘသော်ဟာ အလုပ်အကိုင်မယ်မယ်ရရ မရှိဘဲနဲ့ မက္ကဇင့်ဘဏ်မှာ ငွေတွေ အများကြီးအပ်ထားတယ်၊ အိမ်မှာ တရားမဝင်ခြောက်လုံးပြူးတစ်လက်ကိုလည်း ဆောင်ထားသေး တယ်၊ နောက်ပြီးတော့လူသတ်သမားဟာ ရန်ငြိုးရန်စတစ်ခုကြောင့် ကျကျနန ရည်ရွယ်ပြီး တိုက်ခိုက် ခဲ့တာဗျ၊ တရားခံဟာ အိမ်တံခါးမကြီးကို ခေါက်ပြီး ပြောင်ကျကျဝင်ရောက်ခဲ့ပုံရတယ်။ အိမ်ထဲကို ရောက်တော့ ဦးဘသော်နဲ့ အပြန်အလှန်စကားပြောတော့ ဦးဘသော်က အံဆွဲထဲက ခြောက်လုံး ပြူးထုတ်ပြီး ပစ်ဖို့ကြံခဲ့တယ်။ ဒါပေမဲ့တရားခံက ဓားနဲ့လက်ဦးအောင် ပစ်ခတ်လိုက်ပုံရတယ်။ သေသူ ဦးဘသော်နဲ့ တရားခံဟာ ရန်ငြိုးရန်စကြီးကြီးမားမားရှိပုံရတယ်။ ဦးဘသော်ဟာ တရားခံရောက်လာ မယ်ဆိုတာ ကြိုတင်သိနေခဲ့တယ်။ တရားခံဟာ အိမ်ထဲမှာ မွှေနှောက် ရှာဖွေပြီး စားပွဲအံဆွဲရဲ့အောက် ဆုံးအဆင့်က စာအုပ်ကြီးတစ်အုပ်ကိုလည်းယူသွားသေးတယ်၊ ကျုပ်အထင်တော့ လူသတ်မှုတွေ ဆက်တိုက်ဖြစ်လာမယ်ထင်တယ်"

လို့ဆိုတဲ့အခါ စုံထောက်ဦးပေါ်ဦးက

“ဘာအတွက်ကြောင့် လူသတ်မှုတွေ ဆက်တိုက် ဖြစ်မှာလဲ”

လို့ မေးမြန်းလိုက်တော့ ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

“ဟောဒီမှာကြည့်”

ဆိုပြီး စာရွက်အပိုင်းအစ တစ်ခုကိုပြလိုက်တယ်။

စာရွက်မှာ ရေးသားထားတာက

“ပလ္လင်ပေါ်မှမျောက်”

ဆိုပြီးရေးသားထားတယ်၊ ကျွန်ုပ်က နားမလည်ဟန်နဲ့

“ပလ္လင်ပေါ်မှမျောက် ဘာအဓိပ္ပါယ်လဲ”

လို့ မေးမြန်းလိုက်တဲ့အခါ ဆားပုလင်းမင်းအောင်က

“စာရွက်အပိုင်းအစလေးတွေကို မက္ကဇင့်ဘဏ်ရဲ့ ဘဏ်စာအုပ်ထဲမှာတွေ့တာဗျ၊ တစ်စုံ တစ်ယောက်ကို သတိပေးတဲ့အနေနဲ့ စကားဂှက်နဲ့ အချက်ပေးလိုက်တာပဲလို့ ထင်တယ်။”

လို့ပြောတယ်။

ကျွန်ုပ်က မျက်မှောင်ကြုတ်ပြီး

“စိတ်ဝင်စားဖို့ကောင်းတဲ့အမှုပဲ”

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က

“ဒီထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာက တရားခံက ယောက်ျားရင့်မာကြီး မဟုတ်ဘူးဗျ၊ ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ဗျ”

လို့ ဆိုလိုက်တယ်စုံထောက်ဦးပေါ်ဦးကြီးက

“ကိုမင်းအောင် ဒါတော့လွန်ပြီထင်တယ်၊ တရားခံက

မိန်းမတစ်ယောက်ဆိုတာ ဟုတ်ပါပြီ၊ ဒါတောင်အတော်အံ့သြဖို့ကောင်းပါတယ်၊ ဒါပေမဲ့ မိန်းမချောလေးတစ်ယောက် ဆိုတာတော့ လွန်ပြီ ထင်တယ်။”

လို့ပြောပါတယ်။ ကိုမင်းအောင်က ခေါင်းညိတ်ပြီး

“အိမ်ထဲမှာတန်ဘိုးကြီးတဲ့ မိန်းမအသုံးအဆောင် ဆံညှပ်လေးတစ်ခုတွေ့ရတယ်၊ ဒီဆံညှပ် လေးက ရိုးကုမ္ပဏီမှာပဲ ဝယ်လို့ရတယ်၊ အိမ်စေမိန်းကလေးရဲ့ ပစ္စည်းမဖြစ်နိုင်ဘူး၊ ဒါကြောင့်အိမ် ပတ်ဝန်းကျင်မှာ စုံစမ်းကြည့်တော့ သားရေဖုံးစာအုပ်ကိုင်မိန်းမလှလေးတစ်ယောက် လှေကားက ဆင်း လာတယ် ဆိုတဲ့ထွက်ချက်တစ်ခုရှိတယ်”

လို့ ပြောတော့ ကျွန်ုပ်က သက်ပြင်းချပြီး

“တော်ပါပေတယ် ကိုမင်းအောင် ကျုပ်တို့ကိုယ်တိုင်လိုက်ရရင် ရေလိုက်လွဲမှာသေချာတယ်၊ မိန်းမလှလေးတစ်ယောက်က ဒီလောက် ကြောက်စရာကောင်းတဲ့ လူသတ်မှုကျူးလွန်တာအံ့သြစရာ ပဲ”

လို့မှတ်ချက်ချတယ်။ ဆားပုလင်းမင်းအောင်ကတော့ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေဟန်နဲ့ ငြိမ်သက်နေတယ်။

*

နောက်တစ်နေ့မှာ ထွက်တဲ့သတင်းစာတွေ အားလုံးဘုန်းကြီးလမ်း လူသတ်မှုကို ဝေဝေဆာဆာ ရေးဖွဲ့ထားပြီး သူကြီးဂေဇက်သတင်းစာကတော့

"ဘာကိုမှကြိုတင်တွေးမထားတဲ့ ဆားပုလင်းမင်းအောင်ဆိုပြီး စာလုံးမည်းကြီးနဲ့ ရေးသား ထားပါတယ်။ စုံထောက်ဦးပေါဦးကြီးက သတင်းစာကို လက်နဲ့ထောက်ပြီး

"အူကြောင်ကြောင် သတင်းထောက်ရဲ့လက်ချက်ပဲ"

လို့မှတ်ချက်ချလေ၏ ။

ဘုန်းကြီးလမ်း လူသတ်မှုဖြစ်ပြီး များမကြာမီ သဃ်န်းကျွန်းဘက်မှာ လူသတ်မှုတွေ ထပ်ဖြစ် ပြန်တယ်။

ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

"ကျွန်တော်ပြောတဲ့ ဘုန်းကြီးလမ်းရဲ့ နောက်ဆက်တွဲလူသတ်မှုတွေထင်တယ်၊ သဃ်န်းကျွန်း ဘတ်မှာ ၂ လောင်းပြိုင်လူသတ်မှုဖြစ်နေပြီ"

လို့ မှတ်ချက်ချလိုက်တယ်။ ကျွန်ုပ်တို့လူစု သဃ်န်းကျွန်းသို့ရောက်သောအခါခြံကြီးတစ်ခြံ ရဲ့ အရှေ့မှာ လူတွေဝိုင်းအုံနေလို့ ကျွန်ုပ်တို့ ဖိုဒ့်ကားစုတ်ကလေးကို အိမ်နဲ့မလှမ်းမကမ်းမှာ ရပ်ထားလိုက် တယ်။

လူသတ်မှုဖြစ်ပွားရာ အိမ်ကြီးရဲ့အုတ်တံတိုင်းဟာ မြင့်မားပြီး ခြံတံခါးမကြီးကိုခိုင်မာတဲ့ သံတိုင် ကြီးတွေနဲ့ လုပ်ထားတယ်၊ ဦးပေါဦးကြီးက

"အိမ်ကြီးကိုကြည့်ရတာ လုံခြုံရေးကို အပြည့်အဝယူထားတာပဲ၊ မသိရင် ထောင်ကြီးကျနေ တာပဲ"

လို့ မှတ်ချက်ချတယ်၊ ခြံထဲမှာ ထုံးစံအတိုင်းစုံထောက် ကိုစိန်မြင့်တို့လူစုကို ဟန်ရေးပြနေတာ တွေ့ရတယ်။ စုံထောက် ကိုတင်လှဟာ နှစ်လောင်းပြိုင် လူသတ်မှုကို လာရောက်စပ်စုနေတဲ့ ပရိသတ် တွေကို

"ရှေ့မတိုးနဲ့၊ သဲလွန်စတွေ၊ ပျောက်ကုန်ပြီ"

လို့ အော်ဟစ်မောင်းထုတ်နေတယ်။

ဒီအခါမှာ ပရိသတ်ဟာ ကိုတင်လှကို ဂရုမစိုက်ပဲ ဝိုင်းဝန်းလှောင်ပြောင်ကြတယ်။ သဃ်န်း ကျွန်းဂတ်က ပုလိပ်တွေဟာ ပရိသတ်တွေကို နံပါတ်တုတ်နဲ့ရိုက်ပြီး မောင်းထုတ်နေတယ်။

ဆားပုလင်းမင်းအောင်ဟာ ခြံပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး တစ်နေရာမှာ ရပ်လိုက် တယ်။ ပြီးတော့

"ခြံစည်းရိုး အုတ်တံတိုင်းကို ကျော်ပြီးဝင်လာတာဗျ"

လို့ ပြောတယ်။ ကျွန်ုပ်တို့ အိမ်ထဲကို ဝင်သွားတော့ အိမ်ရဲ့အနောက်ဘက် မီးဖိုချောင် အထွက်မှာ နောက်ကျောကို ဓားတစ်ချောင်းစိုက်ဝင်ပြီးလဲကျသေဆုံးနေတဲ့ အသက် ၅၀ ဝန်းကျင် လူတစ်ယောက်ကို တွေ့ရတယ်။ သေသူဟာ ရုပ်ရည်ကြမ်းတမ်းပြီး လူဆိုးလူမိုက်ရုပ်ပေါက်နေတယ်။

စားပွဲပေါ်မှာ သောက်လက်စ အရက်ပုလင်းတစ်လုံးနဲ့အမြည်းပန်းကန်ကို တွေ့ရတယ်။

ဆားပုလင်းမင်းအောင်က ခပ်ဟဟဖြစ်နေတဲ့ ပြတင်းပေါက်ကိုအသာတွန်းဖွင့်ကြည့်ပြီး

“သေသူက မီးဖိုချောင်က စားပွဲပေါ်မှာ ထိုင်ပြီး အရက်သောက်နေတုန်းတရားခံက ပြတင်း ပေါက်က ကျော်ပြီး ဝင်လာတာဖြစ်မယ်၊ ခြေရာလက်ရာတွေ့တယ်၊ သေသူနဲ့ တရားခံဟာ မီးဖိုချောင် ထဲမှာ ထိပ်တိုက်တွေ့ပြီး သေသူဟာ လက်နက်တစ်စုံတစ်ရာကိုယူဖို့ မီးဖိုချောင်ထဲက လှည့်ပြေး တယ်၊ ဒါပေမဲ့ တရားခံဟာ အင်မတန်ဓားပေါက်ကျွမ်းကျင်တယ်၊ သေသူဟာ ပြေးမလွတ်ဘဲ နောက် ကြောမှာ ဓားစိုက်ပြီး သေဆုံးသွားခဲ့တယ်”

လို့ ပြောပြီး သေသူရဲ့ကျောမှာ စိုက်ဝင်နေတဲ့ ဓားကိုသေသေချာချာ ကြည့်နေတယ်။

ပြီးတော့အိမ်ပေါ်ထပ်ကိုတက်ခဲ့တယ်၊ ကျွန်ုပ်နဲ့ စုံထောက်ဦးပေါ်ဦးလည်းကိုမင်းအောင် အားကိုးနဲ့ လူသတ်မှုကိုမယ်မယ်ရရ မထောက်လှန်းဘဲရှိနေတယ်။

အိမ်ပေါ်ထပ်ကိုရောက်တော့ ဧည့်ခန်းထဲမှာ လဲကျသေဆုံးနေတဲ့သေသူနောက်တစ်ယောက် ကိုတွေ့ရတယ်။ သေသူရဲ့ ကိုယ်ပေါ်က သွေးစီးကြောင်းက ကြမ်းပြင်ကို စီးကျနေတယ်။

သေသူဟာ အသားလတ်ပြီး ရွှက်ကြမ်းရေကျို ရုပ်ရည်မျိုးသာရှိတယ်၊ ခန္ဓာကိုယ်ပေါ်မှာ တော့ လူမိုက်ဆန်ဆန် ဆေးမင်ကြောင်တွေ ရေးထိုးထားတယ်။

ကိုမင်းအောင်က သေသူကို ခဏမျှစစ်ဆေးလိုက်ပြီး

“လူသတ်သမားဟာ သတ္တိလဲ မခေဘူးဗျ၊ သွေးအေးအေးနဲ့တိုက်ခိုက်သွားတာပဲ”

လို့ဆိုလိုက်တော့ ဦးပေါ်ဦးကြီးက

“ဟိုမိန်းမလှလေးပဲလား”

လို့မေးမြန်းလိုက်တော့ ကိုမင်းအောင်က ခေါင်းညိတ်ပြီး

“သေသူကိုအနီးကပ်ပြီး ထိုးသွင်းချက်ကတိကျပြီး နှလုံးကိုကွက်တိစိုက်ဝင်သွားပုံ ရတယ်။”

လို့ မှတ်ချက်ချလေ၏ ။

ဆားပုလင်းမင်းအောင်က အပေါ်ထပ်က ဗီရိုထဲမှာ မွှေနှောက်ရှာဖွေတော့ မဏ္ဍာဇင့်ဘဏ်က ဘဏ်စာအုပ်ကိုတွေ့ပြန်တယ်။ နောက်ထပ်ဗီရိုထဲက စာရွတ်ခေါက်လေးတစ်ခုကို တွေ့လို့ ကျွန်ုပ်တို့ ဝိုင်းဖတ်လိုက်တော့

“ပလ္လင်ပေါ်မှ မျောက်”

ဆိုတဲ့ စာသားကိုတွေ့ရပြန်တယ်။

ကိုမင်းအောင်ခန့်မှန်းခဲ့သလို ဘုန်းကြီးလမ်းလူသတ်မှုနဲ့ ဆက်စပ်နေတာသေချာသွားပြီ၊ ပြီးတော့ ဆားပုလင်းမင်းအောင်က သေသူတွေနဲ့အတူတူနေတဲ့ လူငယ်ကိုခေါ်ပြီး မေးကြည့်တော့

“မနေ့ည (၇) နာရီလောက်မှာ ဆရာကြီးရွှေသန်းအတွက် အမြည်းလုပ်ပေးပြီး အိမ်အနောက် ကထွက်လာတော့ ကျွန်တော့်ခေါင်းထဲမှာ ပူခနဲဖြစ်ပြီး မေ့မြောသွားတယ်။ သတိရလာတော့ ကျွန်တော့်ကို ကျွန်တော် ဘာဖြစ်မှန်းမသိဘူး။။ ဇဝေဇဝါဖြစ်နေသေးတယ်၊ နောက်တော့မှ ဆရာကြီး တို့ အသတ်ခံရတာ ကို သိတာပဲ”

လို့ ပြောတယ်၊ သေသူနှစ်ယောက်ဟာ နွားမွေးမြူရေးလုပ်ပြီး မနီးမဝေးက နွားခြံမှာ အလုပ် သမားတွေရှိတဲ့အတွက် စုံထောက်ကိုစိန်မြင့်တို့ လူစုဟာ နွားခြံကအလုပ်သမားတွေကို မသင်္ကာဘူးဆို ပြီး တစ်ယောက်ပြီးတစ်ယောက်ဖမ်းဆီးနေတယ်။

ဆားပုလင်းမင်းအောင်က ကိုစိန်မြင့်တို့ကိုကြည့်ပြီး

“ဒီလူတွေ ရေလိုက်လွဲနေပြီ”

လို့မှတ်ချက်ချတယ်။ နောက်တော့အမှုကိုဆက်မစစ်ဆေးတော့ဘဲ

"ဒီလောက်နဲ့ လုံလောက်ပြီ"

ဆိုပြီး ပြန်ခဲ့ကြတယ်၊ လမ်းခရီးမှာ ကျွန်ုပ်က

"လူသတ်သမားဟာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး သေသူတွေကိုဘာဖြစ်လို့ သဲကြီးမဲကြီး လုပ်ကြံနေလဲမသိဘူး"

လို့ဆိုလိုက်တော့ ကိုမင်းအောင်က သက်ပြင်းချပြီး

"ရန်ငြိုးရန်စပေါ့ဗျာ၊ မိန်းမလှလေးနဲ့လူကြီး (၃) ယောက်ဟာရန်ငြိုးရန်စကြီးကြီးမားမားရှိပုံ ရတယ်။ လူသတ်သမားကိုစပြီးရိပ်မိခဲ့တာ ဘုန်းကြီးလမ်းက ဦးဘသော်ဗျ၊ ဒါကြောင့်လဲသူ့ရဲ့ ဘော် နှစ်ယောက်ကို ပလ္လင်ပေါ်ကမျောက် ဆိုတဲ့စကားပုက်ဆန်ဆန် စာတွေရေးပြီး သတိပေးခဲ့တာပဲ၊ သူတို့ ၃ ယောက်မှာ လျှို့ဝှက်တဲ့အချိတ်အဆက်ရှိပုံရတယ်။ ကျွန်တော့်အထင်တော့ ဒီလူတွေဟာ တစ်ချိန် က ဒုစရိုက်လောကသားတွေဖြစ်ပုံရတယ်။ သူတို့အားလုံး မဏ္ဍဇင့်ဘဏ်က ဘဏ်စာအုပ်မှာ ငွေ တွေ အများကြီး ရှိတယ်၊ ဒီလူတွေဟာ တိုင်းပြည်မငြိမ်မသက် ဖြစ်တဲ့ကာလမှာ ဓားပြအလုပ်ကိုလုပ်ခဲ့ပုံ ရတယ်"

လို့ဆိုလိုက်တော့ စုံထောက်ဦးပေါ်ဦးကြီးက

"ဖြစ်နိုင်တယ်၊ ဒီလူတွေ အားလုံးရဲ့ကိုယ်မှာ ဆေးမင်ကြောင်တွေထိုးထားကတည်းက လူဆိုး လူမိုက်တွေဆိုတာ ကျုပ်ရိပ်စားမိတယ်"

လို့မှတ်ချက်ချတယ်။ ဆားပုလင်းမင်းအောင်ကတော့ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားပြီး လိုက်ပါလာတယ်။

*

လူသတ်မှုတွေနဲ့ပတ်သက်ပြီး မြန်မာ့အလင်း၊ သံတော်ဆင့်၊ သူရိယစတဲ့သတင်းစာတွေမှာ အကျယ်တဝင့်၊ ရေးသားကြတယ်။

သူရိယ၊ သံတော်ဆင့် မြန်မာ့အလင်း သတင်းစာကြီးတွေက ဆားပုလင်းမင်းအောင်ကိုယ် တိုင် ဖိဖိစီးစီး လိုက်ပါနေတဲ့ အမှုဖြစ်လို့တရားခံကိုဖမ်းမိနိုင်မယ်လို့ ယုံကြည်ကြောင်းရေးသားထားတယ်။

သူကြီးဂေဇက်သတင်းစာကြီးကတော့ လူသတ်မှုတွေ ဆက်တိုက်ဖြစ်နေလို့ “တရားခံဟာ အင်းစိန်စီအိုင်ဒီကို စိန်ခေါ်နေသလော” လို့မထိတထိရေးထားတယ်။

လူသတ်မှုတရားခံကို ဆားပုလင်းမင်းအောင်က မဖမ်းနိုင်သေးပေမဲ့ စုံထောက်ကိုစိန်မြင့် တို့ လူစုဟာ တွေ့ရာလူကိုဖမ်းဆီးပြီး အတင်းအဓမ္မ ရိုက်နှက်ဝန်ခံခိုင်းနေလို့ စီအိုင်ဒီဟာ ငရဲခန်းတစ်ခုလို ဆူညံပွက်နေတယ်။

စုံထောက်ဦးပေါ်ဦးက ဒီမြင်ကွင်းကို စိတ်မသက်မသာဟန်နဲ့ကြည့်ပြီး

“ကျုပ်တို့တစ်နေရာသွားရှောင်နေရင်ကောင်းမယ်၊ သူတို့ကို ကြည့်ရတာ စိတ်မချမ်းသာလွန်း လို့၊ ဒီလူတွေသေရင် ငရဲကျလိမ့်မယ်”

လို့ပြောပြီး စီအိုင်ဒီ အရှေ့ဘက်က ကာကာဆိုင်မှာ သွားထိုင်ကြတယ်။

*

ကျွန်ုပ်တို့စုံထောက်မင်းကြီးကတော့ စီအိုင်ဒီရုံးခန်းမှာ စုံထောက်ကျော်တွေကိုခေါ်ပြီး နေ့စဉ် ဆူပူကြိမ်းမောင်းနေတယ်။

“မောင်းမင်းတို့ စုံထောက်တွေ လစာကောင်းကောင်းယူပြီး စီအိုင်ဒီမှာ ဘာလုပ်နေသလဲ၊ ဆားပုလင်းမင်းအောင် တစ်ယောက်တည်း အားကိုးနေလို့မရဘူး၊ မောင်မင်းတို့ စုံထောက်အရာရှိ တွေရဲ့ အရည်အချင်းပြဖို့လိုတယ်။ မောင်မင်းတို့ အရည်အချင်းမပြနိုင်ရင် အင်္ကျီလန်ကို ဖင်လန်ပြီး ပြန်ရမယ်၊ မောင်မင်းတို့သိပ်ညံ့တယ်၊ အမြန်ဆုံးတရားခံကို ဖမ်းနိုင်ဖို့ ကြိုးစားပါ”

လို့ဆိုပြီး အခန်းထဲကမောင်းထုတ်လိုက်တော့ ကျွန်ုပ်တို့စုံထောက်ကျော်တွေ အကုန်လုံး မင်းကြီးရုံးခန်းထဲက ကမန်းကတန်းပြေးထွက်လာကြတယ်။

ဒီအချိန်မှာ ကျွန်ုပ်တို့မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကတော့ အခန်းလွတ်တစ်ခန်းထဲမှာ ထိုင်ပြီး ဒသာနစာအုပ်ကြီး တစ်အုပ်ကို စိတ်အေးလက်အေး ဖတ်ရှုနေတယ်။

ကျွန်ုပ်က ဒီမြင်ကွင်းကို ကြည့်ပြီး

“ကိုမင်းအောင်ကတော့ အေးဆေးပေါ့ဗျာ၊ မင်းကြီးဆူတာသူနဲ့မဆိုင်သလိုပဲ”

လို့ဆိုလိုက်တော့ ဦးပေါ်ဦးကြီးက

“သူနဲ့ဘယ်ဆိုင်မလဲဗျာ၊ မင်းကြီးက ကျုပ်တို့လိုခပ်ညံ့ညံ့အရာရှိတွေကိုပဲ ဆူတာဗျ၊ သူ့လို အင်မတန်တော်တဲ့စုံထောက်ကို မင်းကြီးဘယ်ဆူရဲမလဲ၊ သူ့ကြည့်ရတာ မင်းကြီးကိုလည်း ကြောက်ပုံ မရဘူးဗျ”

လို့ ပြောတယ်၊ ကျွန်ုပ်တို့ ထွက်လာတာမြင်တော့ ဆားပုလင်းမင်းအောင်က

“တရုတ်တန်းက အခေါက်ကင်စားချင်တာနဲ့ အတော်ပဲဗျာ၊ သွားစားကြရအောင်”

လို့ စိတ်အေးလက်အေး အမူအယာနဲ့ပြောတော့ ကျွန်ုပ်တို့ကလဲစောဒကမတက်တော့ဘဲ ဖိုဒ် ကားစုတ်လေးနဲ့ တရုပ်တန်းကိုထွက်ခဲ့တယ်။

တရုတ်တန်းရောက်တော့ ဟိုတယ်တစ်ခုမှာ တရုတ်စာတွေမှာပြီး ကိုမင်းအောင်က

“ဒီနေ့ ကျွန်တော် ကျွေးပါ့မယ်၊ တကယ်တော့ ဟိုတယ်ကိုလာတာ အကြောင်းရှိတယ်ဗျ၊ တရုတ်ဘိန်းစား တစ်ယောက်နဲ့ ချိန်းထားလို့ပါ”

လို့ ဆိုလိုက်တော့ ဦးပေါ်ဦးကြီးက

“အမလေး.....ဘိန်းစားနဲ့ချိန်းတာပဲ တရုတ်ဟိုတယ်မှာ ချိန်းရသလားဗျ”

လို့ဆိုတော့ ကိုမင်းအောင်က ရယ်မောပြီး

“ဒီဘိန်းစားက အင်မတန်ကြီးကျယ်တဲ့ ဘိန်းစားဗျ၊ ရှောင်မိန်းလို့ခေါ်တယ်၊ ဟော ပြောရင်း ဆိုင်ရင်းလာပါပြီဗျာ”

လို့ဆိုလိုက်တော့ ကျွန်ုပ်တို့ လှမ်းကြည့်လိုက်တော့ ကာကီအကျႌနဲ့ဘောင်းဘီစုတ်ကြီးကို ဝတ်ဆင်ထားတဲ့ ပြောင်စပ်စပ် တရုတ်ဘိန်းစားတစ်ယောက်ကို တွေ့ရတယ်။

တရုတ်ဘိန်းစားက ဆားပုလင်းမင်းအောင်ကို အသိအမှတ်ပြုဟန်နဲ့ပြုံးပြလိုက်ပြီး

“ဗိုက်ဆာနေတာနဲ့အတော်ပဲဗျာ၊ စားတော့မယ်”

ဆိုပြီး တရုတ်စာတွေကို အားပါးတရ စားသောက်နေတယ်။ စုံထောက်ဦးပေါ်ဦးကြီးနဲ့ ကျွန်ုပ် ဟာ ဘိန်းစားရဲ့ စားသောက်နေဟန်ကိုကြည့်ပြီး

ရွံ့ရှာဟန်နဲ့ ပြိုင်တူ နှာခေါင်းရှုံ့လိုက်ကြတယ်။

ဘိန်းစားဟာ အံ့ဩဖွယ်ကောင်းလောက်အောင် ဟင်းပွဲတွေ အားလုံးကို တစ်ယောက်တည်း ပြောင်အောင်ရှင်းလိုက်ရင်း စားပွဲခင်းနဲ့လက်တွေသုတ်လိုက်ပြီး

"စားလို့ကောင်းလိုက်တာဗျ၊ ကိုမင်းအောင်
ဒီထက်ပိုပြီးလှူနိုင်တန်းနိုင်ပါစေ လို့ ဆုတောင်း ပါတယ်ဗျာ၊
ကျုပ်အချိန်မရလို့သွားတော့မယ်ဗျို့၊ ဩော်....မေ့လို့ လိပ်စာကဒ်လေးပေးရဦးမယ်၊
ဘိန်း မှိန်းနေတဲ့ကျုပ်ဆီကို နတ်သမီးလေးတစ်ပါးက
မိုးပေါ်ကပစ်ချပေးလိုက်တာဗျ"

လို့ဆိုလိုက်ပြီး ဆားပုလင်းမင်းအောင် လက်ထဲကို
လိပ်စာကဒ်လေးတစ်ကဒ် ပေးလိုက်တယ်။

ကိုမင်းအောင်က လိပ်စာကဒ်လေးကိုကြည့်ပြီး

"နတ်သမီးလေးကတော်တော်ချောသလား"

လို့ မေးမြန်းလိုက်တယ်။

ဘိန်းစားက တဟားဟားရယ်မောပြီး

"ကိုမင်းအောင်ကလဲ နတ်သမီးဆိုမှ မချောပဲ ဘယ်ရှိပါ့မလဲဗျ၊
သွားပြီဗျာ"

လို့ဆိုပြီး ဟိုတယ်ထဲက ပြန်ထွက်သွားတယ်။ ဆားပုလင်းမင်းအောင်က
အံ့ဩဟန်နဲ့ကြည့် နေတဲ့ ကျွန်ုပ်တို့ကို၊

"ဘိန်းစားရှောင်မိန်းက ဘုန်းကြီးလမ်းလူသတ်မှုနဲ့
ပတ်သက်တဲ့သဲလွန်စတစ်ခု ပေးမယ်ဆို လို့ ဒီနေရာမှာ ချိန်းလိုက်တာဗျ၊
ကျုပ်တို့ဟောဒီလိပ်စာကဒ်ကို စုံစမ်းရအောင်"

လို့ပြောတော့ ကျွန်ုပ်တို့နှစ်ယောက် လိပ်စာကဒ်ကို

ပြိုင်တူကြည့်လိုက်တယ်၊ လိပ်စာကဒ်မှာ နဂရတ်ရွှေမန်း နဂရတ်လက်စွပ်အမျိုးမျိုး စီရင်ပေးတယ်။

လို့ရေးထိုးထားပြီး နဂရတ်ရွှေမန်းရဲ့ လိပ်စာပါတယ်။

ဆားပုလင်းမင်းအောင်က

"ဒီလိပ်စာကဒ်လေးကိုတရားခံမိန်းကလေးက ဘုန်းကြီးလမ်းကတိုက်တစ်လုံးရဲ့ လှေခါး ထစ်မှာလွှင့်ပစ်လိုက်တယ်ဆိုပဲဗျ၊ တိုက်လှေခါးထစ်မှာ ဘိန်းမှိန်းနေတဲ့ ဘိန်းစားရှောင်မိန်းက ဒါကို တွေ့လိုက်လို့သိမ်းထားလိုက်တာပဲ"

လို့ဆိုလိုက်တော့ ကျွန်ုပ်က

"မိန်းကလေးတစ်ယောက် လိပ်စာကဒ် လွှင့်ပစ်တာနဲ့ပဲ တရားခံ မိန်းမဖြစ်နေရမှာ လား၊ တိုက် ဆိုင်တာလဲဖြစ်ရင်ဖြစ်မှာပဲ"

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

"အိုင်ပီပြောတာဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ စုံထောက်တွေဟာ သဲလွန်စလို့ ယူဆ တဲ့ အရာနောက်ကိုလိုက်ရမှာပဲ၊ ကဲ....ကျွန်တော်တို့ ကျောက်မြောင်းကို သွားပြီးနဂရတ်ရွှေမန်းကို စုံ စမ်းရအောင်"

လို့ဆိုလိုက်တော့ ကျွန်ုပ်တို့စုံထောက်ကျော်များ ကျောက်မြောင်းကို ထွက်ခဲ့ပြန်တယ်။

ပုဇွန်တောင်ဘက်ကိုရောက်တော့ ဆားပုလင်းမင်းအောင်က ကားကိုပုံနှိပ်စက်တစ်ခုရှေ့မှာ ရပ် ခိုင်းပြီးခဏဆင်းသွားတယ်။

ပြီးမှ ကားပေါ်ပြန်တက်လာပြီး ကျောက်မြောင်းကို ဆက်သွားတယ်၊ ကျောက်မြောင်း ဇေတိကလမ်းကို ရောက်တော့ နဂရတ်ရွှေမန်းဆိုတဲ့ အုကြောင်ကြောင်လူကြီးကို တွေ့ရတယ်။

နဂရတ်ရွှေမန်းဟာ ခေါင်းပေါင်းကြီးပေါင်းပြီး သူ့တစ်အိမ်လုံးမျက်စိနောက်ဖွယ်ကောင်းလောက် အောင် ဘိုးတော်ပုံ၊ နတ်ပုံတွေနဲ့ ပြည့်နှက်နေတယ်၊ နဂရတ်ရွှေမန်းဟာ ကျွန်ုပ်တို့ကို နဂရတ်လက်စွပ် လုပ်မယ်ထင်ပြီး

"နဂရတ်လက်စွပ်ဆိုတာ ကျောက်မြတ်ရတနာကိုးပါးကို နေ့သင့်နံသင့်အချိန်မှာ ဥပုသ်သီလ ဆောက်တည်ထားတဲ့ ကျုပ်လိုသူတော်ကောင်းမှ လုပ်လို့ရတာ ဗျ၊ လူတိုင်းဒါကိုမလုပ်နိုင်ဘူး။"

လို့ဆိုတော့ ဆားပုလင်းမင်းအောင်က

"အချိန်မဆွဲချင်တော့လို့ ကျုပ်တို့က အင်းစိန်စီအိုင်ဒီက စုံထောက်တွေပဲ၊ ခင်ဗျားကို နည်း နည်းစစ်ဆေးစရာရှိလို့ပါ"

လို့ဆိုလိုက်တော့ နဂရတ်ရွှေမန်းဟာ တုန်လှုပ်ချောက်ချားသွားပြီး

"အံမလေး ကျုပ်နဂရတ်လက်စွပ်လေးကို ဥပဒေဘောင်ထဲကပဲလုပ်ပါတယ်ဗျာ"

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး လိပ်စာကဒ်ကို ထုတ်ပြလိုက်တယ်၊ ဆားပုလင်းမင်းအောင်က၊

"ဟောဒီလိပ်စာကဒ်ကို ဘယ်သူတွေပေးလိုက်သလဲ"

လို့မေးလိုက်တော့ နဂရတ်ရွှေမန်းက

"ကျုပ်လူတိုင်းကိုလိပ်စာကဒ်ပေးတာ ဘယ်မှတ်မိမလဲ"

လို့ ပြန်ဖြေတယ်။ ဆားပုလင်းမင်းအောင်က

"သေသေချာချာကြည့်ပါ၊ ဒီလိပ်စာကဒ်ကို ပုဇွန်တောင်က ကျောက်စိမ်းပုံနှိပ်စက်မှာရိုက် တာ တစ်လလောက်ပဲရှိသေးတယ်။ ခင်ဗျားမှတ်မိနေမှာပေ့ါ၊ ပုံနှိပ်စက်မှာ စုံစမ်းကြည့်တော့ ခင်ဗျားလိပ်စာ ကဒ် (၁၀၀)

ရိုက်သွားတယ်လို့သိရတယ်၊ ခင်ဗျားဆီမှာ ဘယ်လောက်ကျန်သေးလဲ”

လို့မေးမြန်းလိုက်တော့ နဂရတ် ရွှေမန်းဟာ အံဆွဲထဲကလိပ်စာကဒ်တွေကို ကမန်းကတန်း ရေတွက်ကြည့်တယ်။ ပြီးတော့

“ဟို….လိပ်စာကဒ် ၉၂ ကဒ်ကျန်သေးတယ်၊ ကျွန်တော်လိပ်စာကဒ် ၈ ကဒ်တိတိ ပေးပြီးပြီ”

လို့ဆိုလိုက်တယ်။ ဆားပုလင်းမင်းအောင်က

“အဲဒီ လူတွေကို ခင်ဗျားမှတ်မိသေးသလား၊ သေသေချာချာ စဉ်းစားဖြေနော်၊ ထိပ်ချန်မယ်ဆို ရင် ခင်ဗျားကိုယ်တိုင် အမှုတွဲထဲပါသွားမယ်”

လို့ ခြိမ်းခြောက်လိုက်တော့ နဂရတ်ရွှေမန်းက

“အမလေးအမှုတွဲထဲတော့ မပါပါရစေနဲ့ ကြောက်လွန်းလို့ပါ”

လို့ဆိုပြီး အံဆွဲထဲက မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်ပြီး စာရွက်တစ်ရွက်မှာ လိပ်စာတွေကူး ပေးလိုက်တယ်။ ဆားပုလင်းမင်းအောင်က လိပ်စာစာရင်းစာရွက်ကို ကြည့်ပြီးမျက်မှောင် ကြုတ် လိုက် တယ်၊ ပြီးတော့ နဂရတ်ရွှေမန်းဆီက ထွက်ခဲ့တယ်။ လမ်းခရီးမှာ ဆားပုလင်းမင်းအောင်က

“ကျုပ်တို့ဘုန်းကြီးလမ်းကိုပြန်သွားမယ်၊ နဂရတ်ရွှေမန်းပေးလိုက်တဲ့ လိပ်စာထဲမှာ ဘုန်းကြီး လမ်းက သေသူဦးဘသော် တိုက်လိပ်စာပါနေတယ်။ ဦးဘသော်တိုက်မှာနေတဲ့ ဦးမောင်အေးဆိုတဲ့ လူကိုစုံစမ်းရမယ်”

လို့ဆိုပြီး ဘုန်းကြီးလမ်းကို ထွက်ခဲ့တယ်။ ဘုန်းကြီးလမ်းကိုရောက်တော့ မောင်အေးဆိုသူကို စုံစမ်းကြည့်တယ်။ ဒီအခါမှာ ဦးမောင်အေးဆိုတာ သေသူဦးဘသော်ရဲ့အပေါ်ထပ်မှာ နေထိုင်တဲ့ ဖိုး သမားလူကြီးတစ်ယောက် ဖြစ်မှန်းသိလိုက်တယ်။

ဆားပုလင်းမင်းအောင်က မောင်အေးဆိုတဲ့ လူကြီးကိုလိပ်စာကဒ်ပြပြီး

"ဒီလိပ်စာကဒ်က ဦးလေးရဲ့ကဒ်လား"

လို့မေးမြန်းလိုက်တဲ့အခါ လူကြီးက

"ဒီလိပ်စာကဒ်ကို
လွန်ခဲ့တဲ့တစ်ပတ်လောက်ကမိန်းမလှလေးတစ်ယောက်ကို ကျုပ်ပေးလိုက် တယ်။ သူ့ကို တိုက်လှေကားထစ်မှာတွေ့လို့ဘာကိုရှာနေတာလဲ မေးလိုက်တယ်၊ မိန်းကလေးက နဂရတ်လက်စွပ်လုပ်တဲ့သူ ရှာတယ်ဆိုတာနဲ့ ကျုပ်ရဲ့နဂရတ်လက်စွပ်လုပ်ပေးတဲ့ နဂရတ်ရွှေမန်းရဲ့ လိပ်စာကိုပေးလိုက်တာပဲ"

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က

"မိန်းကလေးကိုတွေ့တာ
အောက်ထပ်လူသတ်မှုမဖြစ်မီဘယ်နှစ်ရက်လောက်လဲ"

လို့မေးမြန်းတယ်။ ဦးမောင်အေးက မျက်မှောင်ကြုတ်ပြီး

"၂ရက် ၃ရက်အလိုလောက်နဲ့တူပါတယ်။"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က ဆက်ပြီး

"အဲဒီ မိန်းကလေးကို ဦးလေး မြင်ရင်မှတ်မိသလား"

လို့ မေးမြန်းတဲ့အခါ ဦးမောင်အေးက

"မှတ်မိတာပေါ့၊ မှတ်မိတဲ့အပြင် ကျုပ်စိတ်ထဲမှာ သူ့ကိုတစ်နေ့ရာ သေသေချာချာ မြင်ဖူးတယ် လို့ တွေးမိတယ်။ ကျုပ်မနက်ကလဲ တွေးမိတယ်၊ သူ့ကိုမြင်ဖူးနေတယ်"

"ကျေးဇူးတင်ပါတယ်၊ အကြောင်းထူးရှိရင် ကျွန်တော့်ကိုဖုန်းဆက်ပါ"

ဆိုပြီး ဖုန်းနံပါတ်ပေးခဲ့တယ်။

ကျွန်ုပ်တို့လူစု ကားပေါ်ရောက်တော့ ဆားပုလင်းမင်းအောင်က

“ဦးမောင်အေးဟာတရားခံ မိန်းမလှလေးကို မြင်ခဲ့ရတယ်ဗျ၊ သူဟာ မိန်းမလှလေးကို မြင်ဖူး တယ် ဆိုတာတွေးစရာတစ်ခုပဲ”

လို့ ရေရွတ်နေတယ်။

*